ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်


# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ချောင်းဝကျေးရွာ၊ ချောင်းဝကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　　　　　　　　　　　　　　　　　　ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ........................................................................................................ ၂

၂။ချောင်းဝကျေးရွာအုပ်စုမြေပုံ................................................................................................ ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.............................................. ၄

၄။ကျေးရွာအခြေခံအချက်အလက်များ.............................................................................................. ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ..............................................၁၅

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးပွဲတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ..၁၆

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....................၁၈

၈။ကျေးရွာကော်မတီစာရင်း.................................................................................................. ၂၁


၉။ပုံစံစ-၁။ကျေးရွာအချက်အလက် .......................................................................................... ၂၂

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ....................................................................၂၅

၁၁။အစည်းအဝေးမှတ်တမ်းများ......................................................................................................၂၇

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)...............................................၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ချောင်းဝကျေးရွာ ကျေးရွာအုပ်စုပြမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ချောင်းဝကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ချောင်းဝကျေးရွာ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် အနီးနားမှာရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ချောင်းဝကျေးရွာဟု ခေါ်ဆိုရခြင်းမှာ မှော်ဝန်းချောင်းသည် မုတ္တမပင်လယ်ကွေ့သို့ အထွက်ပင်လယ်နှင့် ချောင်းဆုံစီးရာ အဝတွင် ရွာတည်သောကြောင့် ချောင်းဝကျေးရွာဟု အမည်ပေးခဲ့ပါသည်။ ချောင်းဝကျေးရွာ၏ အဓိကစီးပွားရေးအနေမှာ စပါးစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကို အဓိက လုပ်ကိုင်စားသောက်ကြပါသည်။ ချောင်းဝကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်နေသောရွာများမှာ အရှေ့ဘက်တွင် ဘော်ကလွတ်၊ အနောက်ဘက်တွင် မှော်ဝန်းချောင်း၊ တောင်ဘက်တွင်မီးပြကျေးရွာ၊ မြောက်ဘက်တွင် သနပ္ပချင်းကျေးရွာ တို့ဖြစ်ပါသည်။ လူမျိုးစုများအနေဖြင့် ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုးများ နေထိုင်ကြပါသည်။ ချောင်းဝကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် (၄၀)မိုင်ခန့် ကွာဝေးပါသည်။ ချောင်းဝကျေးရွာ မှကျောက်တန်းသို့ မိုးရာသီတွင် စက်လှေဖြင့် အများဆုံးသွားလာပြီး လူအနည်းစုသာ ဆိုင်ကယ်ဖြင့်သွားကြပါသည်။ နွေရာသီတွင် စက်လှေ၊ ဆိုင်ကယ်နှင့် ကားဖြင့် သွားလာ၍ရသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာလူထုသည် ပညာရေးကို အလေးထား ဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၇ | ၁၅ | ၁၇ | ၃၂ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၉၈ | ၇၂ | ၇၉ | ၁၅၁ |
| မြေယာမဲ့ | ၅၀ | ၅၉ | ၆၄ | ၁၂၃ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲ | ဝက် | အရောင်းအဝယ် | |
| - | | | |
| | | | |
| | | | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၇၂၀ | | | | ၂/၆ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁၀ | ၁၈ | ၁ | ၃ | | ၁၇ |

### ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၁၀ | ၁၄ | ၂၀ | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀ | ၃၅ | ၈ | ၅၀ | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၁ | ၃၈ | ၅၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၁ | ၃၈ | ၅၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၆-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၁ | ၃၈ | ၅၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၁၆-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၃ | ၃၀ | ၅၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၆-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၃ | ၃၀ | ၅၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၃ | ၃၀ | ၅၃ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




### သုံးသပ်ချက်

ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု (၆၀၈)စု ကျား (၁၁၆၃)၊မ (၁၁၃၅)စုစုပေါင်း(၂၂၉၈)ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဟိန္ဒူအုပ်စုများက ကျေးရွာတွင်းတွင ရောနှောနေထိုင်ကြပါသည်။ ရွာတွင်းအပိုင်းများတွင် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ဗမာလူမျိုးနှင့်

ဟိန္ဒူဘာသာကို ကိုးကွယ်သော ဟိန္ဒူလူမျိုးအနည်းငယ် နေထိုင်ကြပါသည်။ ချောင်းဝကျေးရွာတွင် EPC မီးရရှိသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ အတွက် အထောက်အကူများစွာရရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်သောကြောင့် ကျေးရွာအတွင်းတွင်း သွားလာရေး ကောင်းမွန်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ရွာတွင်းတွင ရေဆင်းတံတား(၁)စင်း ရှိပါသည်။ ချောင်းဝကျေးရွာတွင် ဘုရားတစ်ဆူ၊ စျေးတန်းတစ်ခု၊ မူကြိုကျောင်းတစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတစ်ခန်း၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သောက်သုံးရေကန် ( ၄ )ကန် ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် သုသာန်တစ်ခုရှိပါသည်။ ကျေးရွာပိုင် လယ်ကွင်းများသည် မြောက်ဘက်နှင့် တောင်ဘက်တွင် ရှိပါသည်။ ချောင်းဝကျေးရွာတွင် ချမ်းသာသော အိမ်မှာနည်းပါးပြီး အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုများပါသည်။

**၂။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**


| အမျိုးအစား | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက ( ၅၀ ) မှ ( ၁၀၀ )ကြား၊ တိုက်ခံသွပ်မိုးအိမ်၊ TV၊ ဆိုင်ကယ်၊ ဆန်စက်၊ မော်တော်ကား၊ ငါးဖမ်းကိရိယာအစုံ၊ ခြံ၊ ရွှေ၊ စက်ဘီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက် | ၁၄၉ | ၂၄.၅% |
| အလယ် အလတ် | ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်ဧက ( ၁၀ )ဧကမှ ဧက ( ၅၀ )ကြား၊ TV၊ နွားပျံ၊ ထောင်လာဂျီ၊ စက်လှေ၊ ရွှေ၊ ခြံ၊ စက်ဘီး | ၃၀၇ | ၅၀.၅% |
| နွမ်းပါး | ဓနိမိုးထရံကာအိမ်၊ ဓနိမိုး ပျဉ်ခင်းအိမ်၊ ခြံ၊ မျှောပိုက်၊ လက်သမားသုံးပစ္စည်း၊ စက်ဘီး၊ ဆိုင်ကယ်နှင့် ကျဘမ်းလုပ်ကိုင်သော အိမ်ထောင်စု | ၂၅၀ | ၂၅.၀% |
| စုစုပေါင်း | | ၆၀၈ | ၁၀၀% |

**သုံးသပ်ချက်**

ချောင်းဝကျေးရွာတွင် ပြေလည်၊ နွမ်းပါး ၊အလွန်နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာအိမ်၊ လယ်-၅၀မှ၁၀၀ ဧကအထက်၊ တိုက်ခံသွပ်မိုးအိမ်၊ တီဗီ၊ ဆိုင်ကယ်၊ ဆန်စက်၊ မော်တော်ကား၊ငါးဖမ်းကိရိယာအစုံ၊ ခြံ၊ စက်ဘီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ ရွှေတို့အားပိုင်ဆိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုနေသော အိမ်ထောင်စုမှာ (၁၄၉)စုနှင့် ရာခိုင်နှုန်းမှာ(၂၄.၅%)ရှိပြီး၊ အလယ်အလတ်အဆင့်တွင် ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်ဧက ၁၀-၅၀ကြား၊ တီဗီ၊ ဆိုင်ကယ်၊ နွားပျံ၊ ထော်လာဂျီ၊ စက်လှေ၊ ရွှေ၊ ခြံ၊ စက်ဘီးတို့ကိုပိုင်ဆိုင်သော အိမ်ထောင်စုမှာ(၃၀၇) စုဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၅၀.၅%) နှင့် နွမ်းပါးသောအဆင့်မှာ ထနိမိုးထရံကာအိမ်၊ ပျဉ်ခင်း၊ ခြံ၊ မျှောပိုက်၊

လက်သမားသုံးပစ္စည်း၊ ဆိုင်ကယ်၊ စက်ဘီးတို့ကိုပိုင်ဆိုင်သောအိမ်ထောင်စုမှာ (၁၅၂)အိမ်ထောင်စုဖြစ်ပြီး ရာခိုင်နှုန်းမှာ (၂၅.၀%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

**၃။ ရာသီစွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။**



**သုံးသပ်ချက်**

**ရာသီဥတု**

တန်ခူး၊ တပေါင်း၊ ကဆုန်လများတွင် နေပူပြီး၊ သီတင်းကျွတ်၊ တော်သလင်း၊ တန်ဆောင်မုန်း၊ များတွင် မိုးအနည်းငယ်သာရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပြီး ရာသီဥတုသာယာပါသည်။ ပြာသို၊ တပို့တွဲလများတွင် နှင်းအနည်းငယ်ကျပါသည်။

**စိုက်ပျိုးရေး**

နယုန်လတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။

**မွေးမြူရေး**

မိသားစုတပိုင်တနိုင် ဝင်ငွေရရှိရန်အတွက် ငါး၊ ကြက်၊ ဝက် တို့ကို မွေးမြူကြပြီး တော်သလင်းလတွင် ဝက်တုတ်ကွေးဖြစ်ပြီး တန်ခူး၊ ကဆုန်၊ နယုန်လများတွင်ကြက်နာရောဂါများဖြစ်တတ်ပါသည်။

**ကျန်းမာရေး**

ရာသီဥတုပြောင်းလဲမှုကြောင့် နယုန်လ၊ ဝါဆိုလများတွင် နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် သွေးလွန်တုတ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။ ကဆုန်လတွင် ဝမ်းပျက်ဝမ်းလျောများဖြစ်တတ်ပါသည်။

**ပွဲတော်များ**

တပေါင်းလတွင်ဘုရားပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်ကို ကျင်းပကြပါသည်။ တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတို့ကို

ကျင်းပကြပါသည်။

**ဝင်ငွေ**

သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတွင် ဝင်ငွေများပြီး တော်သလင်းလတွင်အသင့်အတင့် ကျန်လများတွင် ဝင်ငွေနည်းပါးပါသည်။

**ရေလုပ်ငန်း**

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ငါးအများအပြားရပြီး ကျန်လများတွင် အနည်းငယ်သာဖမ်းဆီးရရှိပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။





**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှုနှင့် လူလတ်အဖွဲ့၊ ပညာရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေးမြင့်မားအောင် ပူးပေါင်း ဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ၏ အခက်အခဲများကို အမျိုးသမီးအဖွဲ့နှင့် ကာလသားအဖွဲ့တို့က ဖြေရှင်းပေးပါသည်။ နာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့တို့သည် ဘာသာရေး၊ သာသနာရေး၊ နာရေးကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းများသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဌာန၊လဝကဌာန၊ငါးဦးစီးဌာနနှင့်ပက်မြန်မာအဖွဲ့များသည်လည်း ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



### သုံးသပ်ချက်

### အရင်းအမြစ်သုံးချနိုင်မှု

ကျေးရွာအတွင်းတွင်ရှိသော အရင်းအမြစ်များအသုံးချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍အသုံးချနိုင်သည်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် အချိန်နှင့်အမျှအပြင်ထွက် ငွေရှာနေရသောကြောင့် ဖြစ်ပါသည်။

### ဦးဆောင်နိုင်မှု

ကျေးရွာ၏ ဘာသာရေး၊ သာသနာရေးနှင့် လူမှုရေး အစရှိသည့် ရပ်ရေးရွာရေးကိစ္စရပ်များတွင် အစဉ်အလာအရ အမျိုးသားများကသာ ဦးဆောင် ဆောင်ရွက်နေခြင်းကြောင့် အမျိုးသမီးများထက် အမျိုးသားများက သာလွန်ကြောင်း တွေ့ရှိရပါသည်။

### အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု

အမျိုးသမီးများက အမျိုးသားများထက်ပိုမိုပြီး အိမ်မှုကိစ္စအပေါ်တွင် ပါဝင် ဆောင်ရွက်ရသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများကဝင်ငွေထွက်ရှာနေ ရသော ကြောင့်ဖြစ်ပါသည်။

## ကျန်းမာရေး

ကျေးရွာအတွင်း အမျိုးသားများနှင့် အမျိုးသမီးများသည် ကျန်းမာရေးမှာခြားနားမှုမှာ အနည်းငယ်ရှိပြီး အမျိုးသမီးများက ပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

## ပညာရေးပါဝင်မှု

အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ အခွင့်အရေးရရှိသည်ကို တွေ့ရှိရပါသည်။ ပညာရေးကို ဦးစားပေးသော ရွာတစ်ရွာ ဖြစ်ပါသည်။

## အဖွဲ့အစည်းပါဝင်ခွင့်

အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဝင် ခွင့်မရသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အနည်းငယ်မျှဦးစားပေးခံရသည် ကိုတွေ့ရှိရပါသည်။


## ဝင်ငွေ


အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့်ဖြစ်ပါသည်။

## လုံခြုံမှု

ကျေးရွာအတွင်း အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ လုံခြုံမှုရှိသည်ကိုတွေ့ရှိရပြီး အမျိုးသမီးများသည် ခန္ဓာကိုယ်ဖွဲ့စည်းပုံအရပိုပြီးအားနည်းသည်ကိုတွေ့ရှိရပါသည်။

## ၆။ ပိုင်ဆိုင်မှု သုံးသပ်ချက်။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု**

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော လျှပ်စစ်ပစ္စည်း၊ လမ်းတံတား၊ ဘောကွင်း၊ ခြင်းကွင်း၊ ဆိုင်ကယ်၊ ကား၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း၊ စာကြည့်တိုက်၊ ရေတွင်းရေကန်၊ ကလေးထိန်းကျောင်းစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ စက်ဘီး၊ ရွှေထည်ပစ္စည်း၊ အပ်ချုပ်စက်တို့ကို အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံး ထိန်းချုပ်ထားသော အရင်းအမြစ်များမှာ လယ်လုပ်ငန်းနှင့် ဖုန်း စသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု**

ကျေးရွာ၏အရင်းအမြစ်ဖြစ်သော မော်တော်ကား၊ ဘောလုံးကွင်း၊ ခြင်းလုံးကွင်း စသည်တို့ကို အမျိုးသားများက အသုံးပြုပြီး အပ်ချုပ်စက်၊ ရွှေထည်ပစ္စည်းများနှင့် စက်ဘီးတို့ကို အမျိုးသမီးများက အသုံးပြုကြပါသည်။ လမ်း၊ တံတား၊ ဘုန်းကြီးကျောင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေတွင်း၊ ရေကန်၊ လျှပ်စစ်ပစ္စည်း၊ ကလေးထိန်းကျောင်းနှင့် ဖုန်းတို့ကို အတူတကွ အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၈.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေးပွဲ မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေးပွဲ မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့်
အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့်
အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဖဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မ

ို မှတ်တမ်းဓါတ်ပုံ



လူထုဖဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မ

ို မှတ်တမ်းဓါတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးစည်သူဆွေ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်ချိုဝင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးအေးနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်စံပါယ် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးရွှင်ကြည် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်ကေသီဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၇ | ဦးမြင့်စိုးအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ရီရီဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးသက်နိုင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်စန်းယုကြည် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးအေးသန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်သက်စုလှိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်မြတ်မွန်ရွှေ | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်          ကျား-၇ယောက် + မ- ၇ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ ဦးစည်သူဆွေ -       ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု၊ စီမံကိန်းအထောက်အကူပြုကော်မတီ

၂။ ဒေါ်ခင်ချိုဝင်း -       ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု၊ စီမံကိန်းအထောက်အကူပြုကော်မတီ

၃။ ဦးဟန်လင်းထွန်း -  ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ

၄။ဒေါ်နွေးနွေးလွင် -    စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ

၅။ ဦးဝင်းနိုင် -            အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ

၆။ ဒေါ်သင်းလဲ့ရီ -       အဖွဲ့ဝင်၊ ကျေးရွာအုပ်စု၊ စီမံကိန်းအထောက်အကူပြုကော်မတီ

၇။ ဒေါ်အေးအေးအောင်- အဖွဲ့ဝင်၊ ကျေးရွာအုပ်စု၊ စီမံကိန်းအထောက်အကူပြုကော်မတီ

မှတ်တမ်းတင်သူ

၇

အမည် - ဒေါ်ခင်မိုးဝါ

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၁၈.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်များ

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်စိုး ၀၉ - ၄၅၄၈၈၈၆၀၉ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉ - ၄၅၄၈၈၈၆၀၉ | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း | မြို့နယ် ကျောက်တံခါး | ကျေးရွာအုပ်စု ရေချင်းဝ | ကျေးရွာ ရေချမ်းဝ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပအိုဝ်း | ၁၂ | ဘာသာ (၁) ပအိုဝ်း | ၁၂ |
| လူမျိုးစု (၂) ဗမာ | ၅၉၇ | ဘာသာ (၂) ဗုဒ္ဓ | ၅၉၇ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၃ | | |
| စာသင်ကျောင်း | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၁၈ဝ | ၁၁၅၇ |
| လူမျိုးစု (၁)------ ပအိုဝ်း | ၂၂ | ၂၄ |
| လူမျိုးစု (၂)------ ဗမာ | ၁၁၅၈ | ၁၁၂၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၉ဝ | ၁၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ___________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------[illegible]---------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------[illegible] ကျောင်း-------

(၂) -------[illegible]-------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ချောင်းဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး
ကျောက်တန်းမြို့နယ်။

လက်မှတ် (signature) နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦးဇင်ကိုအောင်

လက်မှတ် (signature) နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အသေးစိတ်အကျဉ်း ကောက်မတ်သည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဇာခင်မိုး

နေ့စွဲ - ၁၈.၁၂.၂၀၁၇

ဝက်ဝန်းအား အမှတ်ခြစ်ပါ (√) ▢ ဝက်ဝန်း(၁) ✓ဝက်ဝန်း(၂) ▢ ဝက်ဝန်း(၃) ▢ ဝက်ဝန်း(၄)

ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်ဖြူ | ကျေးရွာအုပ်စု ငချောင်း | ကျေးရွာ ငချောင်း

**က။ အခက်အခဲအတားအဆီးများအားဖော်ထုတ်ခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးအဆင်မပြေမှု | ၁ | လမ်းပန်းဆက်သွယ်ရေးအဆင်မပြေ |
| ၂ | ဝင်ငွေမရ၍ ကြောက်ခြင်း | ၂ | ဝင်ငွေမရ၍ ကြောက်ခြင်း |
| ၃ | သောက်သုံးရေမရ၍ ကြောက်ခြင်း | ၃ | သောက်သုံးရေမရ၍ ကြောက်ခြင်း |
| ၄ | စိုက်ပျိုးရေး နည်းပညာ | ၄ | ပညာရေးခက်ခဲခြင်း |
| ၅ | ကျန်းမာရေးခက်ခဲခြင်း | ၅ | ဆေးပေးခန်းခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကလေးကျိုင်းအသွင်းကလေး | ၁ | ကလေးကျိုင်းအသွင်ကလေး |
| ၂ | ဆေးပေးခန်းအဆင်ပြေစေချင် | ၂ | ဆေးပေးခန်းအဆင်ပြေစေချင် |
| ၃ | လမ်းပန်းဆက်သွယ်ရေး | ၃ | ပညာရေးအဆင်ပြေစေချင် |
| ၄ | စိုက်ပျိုးရေးနည်းပညာမြှင့်ဖို့ချင် | ၄ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေချင် |
| ၅ | ရေနုတ်မြောင်း ကောင်းမွန်စေချင် | ၅ | ရေနုတ်မြောင်း ကောင်းမွန်လာစေချင် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဂွာတွင်းလမ်း | က + မ | 21120000 | ၂၂၉၈ |
| ၂ | ဂွာပတ်လမ်း/ဂွာတွင်း | က+မ | 21120000 | |
| ၃ | ဂွာတွင်းလမ်းတိုးချဲ့ရန် | က+မ | 21120000 | |
| ၄ | ရေနုတ်မြောင်း | က+မ | 21120000 | |
| ၅ | မူကြိုကျောင်းဖြစ်ဖြစ် | က+မ | 21120000 | |

ယ။ လူလုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | စိုက်ပျိုးရေး နည်းပညာ | ကျား + မ | |
| ၂ | မွေးမြူရေး နည်းပညာ | မ | |
| ၃ | စက်ပြင်သင်တန်း | ကျား | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-ဒေါ်ခင်ဆုရှိဝင်း---- လက်မှတ်------------------------ နေ့စွဲ-၁၈.၁၁.၂၀၁၇----

လူထုပဟိုပြုစီမံကိန်း
ကျောက်တော်မြို့နယ်

လူထုပဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ချောင်းဝကျေးရွာ အုပ်ချုပ်ရေးရုံး |
| ပြုလုပ်သည့်နေ့ရက် | ။ ၁၈-၁၁-၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၀:၃၀ |
| ကျေးရွာအုပ်စုအမည် | ။ ချောင်းဝ |
| မြို့နယ်အမည် | ။ ကျောက်တော် |

---

အစည်းအဝေးတက်ရောက်သူ ။ (၁၄)ကျား + (၁၉)မ (၃၃)ပေါင်း

အကြောင်းအရာ ။ ။ ချောင်းဝကျေးရွာအုပ်စု ချောင်းဝကျေးရွာ ဥတ္တမသုခစက်ဝိုင်း၊ ပထမအကြိမ် စီမံကိန်းမိတ်ဆက်အစည်းအဝေးပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ ချောင်းဝကျေးရွာ ဥတ္တမသုခစက်ဝိုင်း၊ ပထမကြိမ်မြောက်စီမံကိန်း

မိတ်ဆက်အစည်းအဝေးတွင် ချောင်းဝအုပ်စု အုပ်ချုပ်ရေးမှူးမှ စီမံကိန်းနှင့်ပတ်သက်သော အကျိုးကျေးဇူးများကို ရှင်းပြပြီး စီမံကိန်းအောင်မြင်ရန်အတွက် ကျေးရွာလူထုဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက်လူထုစည်းရုံးရေးမှူးမှ လူထုအခြေပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲသော လူထုကို အခြေပြု၍ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အဦးများ ပြုပြင်ခြင်းနှင့်

အသစ်တည်ဆောက်ပေးသော စီမံကိန်းဖြစ်ကြောင်းနှင့် သဘာဝအန္တရာယ်
နှင့်တွေ့ကြုံလာပါက သက်ဆိုင်ရာတာဝန်ရှိသူများကို ရွေးချယ်ပြီး
အဖွဲ့အစည်းတည်ဆောက်ခဲ့ရန်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။
ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅) ချက်ကို ဆက်လက်ရှင်းပြပြီး
မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုများ
မှ ပေါင်းပါဝင်မှုသာ ရန်ပုံငွေသည် ကျေးရွာအတွင်း၌ အမြဲတမ်း
စု (၁၀၀% တိတိမှသာ ရှိမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့ပြင်
လက်တွေ့ကျ ပြည်သူ့ပညာမှုမှလည်း စီမံကိန်းတွင်ပါဝင်သော
အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ဖြင့် လုပ်ဆောင်ရမည့်ကြောင်း ရှင်းပြ
ခဲ့ပါသည်။

ဒုတိယနေ့ တက်တက်ကြွကြွ အတွက် ကျေးရွာလူမှုဆန်းစစ်ခြင်း:
ပြုလုပ်ရန်အတွက် လူထုစည်းရုံးရေးမှူးမှ အရင်းအမြစ်ပြမြေပုံ၊
ရာသီခွင်ပြ ပြက္ခဒိန်၊ ဗင်းပုံ၊ ပင်ကူ အိမ်အဆင့်ဆန်းစစ်ခြင်း၊ ပိုင်ဆိုင်မှု
သုံးသပ်ခြင်းနှင့် ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် ပြုလုပ်ရ
ခြင်း စသည့်ဆန်းစစ်ချက်များကို ရှင်းပြပြီး အမျိုးသားအဖွဲ့ အမျိုးသမီး၊
အဖွဲ့ ခွဲ၍ လူမှုဆန်းစစ်ချက်များ ပြုလုပ်ပြီးသော အခါ ပြန်လည်
ပြန်လည်အကျဉ်းချုပ်ပေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ - ဒုတိယအကြိမ် စီမံကိန်း မိတ်ဆက်အစည်း
အဝေးကို နေ့လည်ပိုင်းတွင် ဆက်လက်
လုပ်ဆောင်ရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မိုးဝါ
လူထုစည်းရုံးရေးမှူး

လူထုပယောဂပြုစီမံကိန်း
ကျောက်တန်းမြို့

လူထုပယောဂပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ချောင်းဝကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ |
| ပြုလုပ်သည့်နေ့ရက် | ။ ၁၈.၁၁.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၂း၃၀ နာရီ |
| ကျေးရွာအုပ်စုအမည် | ။ ချောင်းဝ |
| မြို့နယ်အမည် | ။ ကျောက်တန်း၊ |

---

အစည်းအဝေးတက်ရောက်သူ ။ ။ (၃၄၆) ကျား + (၁၉၀) မ (၅၃၆) ယောက်

အကြောင်းအရာ ။ ။ ချောင်းဝကျေးရွာအုပ်စု ချောင်းဝ ကျေးရွာ ဒုတိယနှစ်စက်ဝန်း ဒုတိယ

အကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး ပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ။ ချောင်းဝကျေးရွာ၏ ဒုတိယအကြိမ် စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင်

လူထုစည်းရုံးရေးမှူးမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ယခင်နှစ်က လုပ်ဆောင်ခဲ့သောလုပ်ငန်းစဉ်များ အကြောင်းရှင်းပြပြီး ဒုတိယနှစ်စက်ဝန်းတွင်လည်း လုပ်ငန်းစဉ်သစ်များ ပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့်ပြန်လည်ရွေးချယ်နိုင်ကြောင်းကို ရှင်းပြခဲ့ပါသည်။ မဲစနစ်ဖြင့် ရွေးချယ်ရာ၌ မဲအများဆုံးရရှိပါကလည်း နည်းပညာအရ

လုပ်ဆောင်ချက်နှင့် ညီမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျေးရွာလူထုက ပြန်လည်ပြင်ဆင်ရန် မလိုအပ်သောကြောင့် ယခုနှစ်က ဦးစားပေးလိုက် ရွေးချယ်ခဲ့သော ရွာတွင်းလမ်းပြုပြင်ခြင်းကို သာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးမှ ကော်မတီများ၏တာဝန် နှင့်ဝတ္တရားများကို ရှင်းပြပြီး ယခင်စက်ဝန်းတွင်လုပ်ဆောင်ခဲ့သော ကော်မတီများသည် ဒုတိယစက်ဝန်းတွင်ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင် ပါသလားဟု တစ်ဦးခြင်းမေးမြန်းသောအခါ ကျေးရွာစာရင်းကိုင် ဒေါ်နန္ဒာမြိုး နှင့် အုပ်စုစာရင်းကိုင် ဒေါ်အိမ်ရှင်အောင်တို့က ကော်မတီ အဖွဲ့မှနုတ်ထွက်ခဲ့ပါသည်။ အစည်းအဝေးတက်ရောက်လာသောကျေးရွာ လူထုအားလုံးက ကျေးရွာစာရင်းကိုင်ဒေါ်နန္ဒာမြိုးနေရာတွင်ဒေါ်မြတ် ဝတ်ရည် နှင့် အုပ်စုစာရင်းကိုင်ဒေါ်အိမ်ရှင်အောင်နေရာတွင်ဒေါ်ငွေ့ငွေ့ လွင်ကို အဆိုပြုတင်မြှောက်ပြီး မဲခွဲခြင်းဖြင့်ရွေးချယ်ခဲ့ပါသည်။ ကျေးရွာ လူထုကလည်းသဘောတူညီကြောင်းပြောဆိုဆွေးနွေးခဲ့ကြပါသည်။

ထို့နောက်စည်းရုံးရေးမှူးမှလုပ်ငန်းစဉ်များကိုပြန်လည်အတည် ပြုဆွေးနွေးချက်ကိုအနှစ်ချုပ်ကာအစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ယခုဦးစားပေးအလိုက်ရွေးချယ်ခဲ့သော လုပ်ငန်းစဉ် များကို ကော်မတီများကဦးဆောင်၍ ကျေးရွာလူထုနှင့် အတူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မိုးဝါ
CF

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)**

ထိန်းချုပ်သူ- ရက်စွဲ - ၁၈.၁၁.၂၀၁၇ ကျေးရွာ-ချောင်း၀ VDP ရက်စွဲ-၁၈.၁၁.၂၀၁၇

မြို့နယ်- ကျောက်တန်း ကျေးရွာအုပ်စု-ချောင်း၀

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါ၀င်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါ၀င်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊